KHRG
ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# "ကျွန်ုပ်တို့ ရွာသားများ ပြောသည့် အသံ တစ်ခုတည်းဖြင့် ဘာများဖြစ်လာနိုင်မည်နည်း"

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေယာသိမ်းဆည်းမှုနှင့် ဒေသခံတို့၏ တုန့်ပြန်မှုများ

**ဇွန်လ၊ ၃၀ရက်၊ ၂၀၁၅ခုနှစ်**

(Orchid ဟိုတယ်၊ ရန်ကုန်မြို့) ၂၀၁၂ခုနှစ်တွင် အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) တို့အကြား ပဏာမ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး သုံးနှစ်ကြာပြီးနောက် မြန်မာပြည်အရှေ့တောင်ဘက်ခြမ်း၌ ဆက်လက်တိုးပွားလာသော မြေယာသိမ်းဆည်းမှုများကို အစီရင်ခံစာပြုစုထားခြင်းဖြစ်ပါသည်။ ဤ ၂၀၁၅ခုနှစ် အစီရင်ခံစာဖြစ်သည့် **'ကျွန်ုပ်တို့ ရွာသားများပြောသည့် အသံတစ်ခုတည်းဖြင့် ဘာများဖြစ်လာနိုင်မည်နည်း'** ဟူသည့် အစီရင်ခံစာတွင် မြေယာသိမ်းဆည်းမှုကို ဖြစ်ပေါ်လာစေသော အခြေခံအဆောက်အအုံဆောက်လုပ်ခြင်း၊ သဘာဝသယံဇာတတူးဖော်ခြင်း၊ စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများနှင့် စစ်ဘက်ဆိုင်ရာအသုံးပြုရန်အတွက် မြေယာ သိမ်းဆည်းခြင်း စသည့်အကြောင်းအရာလေးရပ်ကို အဓိကမီးမောင်းထိုး ဖော်ပြထားပါသည်။ ဒေသခံ ရွာသူရွာသားများ၏ သက်သေခံထွက်ဆိုချက်များကို အခြေပြု၍ နိုင်ငံတော်အစိုးရ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ တပ်မတော်နှင့် ကရင်လက်နက်ကိုင်တပ်ဖွဲ့ဝင်များမှလည်း အကျိုးတူပူးပေါင်းကာ မြေသိမ်းယူခဲ့ခြင်းများကို ပြုလုပ်ခဲ့သည်ဟု မြန်မာပြည်အရှေ့တောင်ဘက်ခြမ်းရှိ ဒေသခံရွာသားများမှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ ဒေသခံရွာသားများသည် မိမိကိုယ်ကို ကာကွယ်ရန်နှင့် မြေယာသိမ်းဆည်းမှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများကို လျော့ကျစေရန်အတွက် လူမှုအဖွဲ့အစည်းနှင့် မီဒီယာများထံသို့ တင်ပြခြင်းနှင့် စီမံကိန်းများတွင် ပါဝင်ကျူးလွန်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ မြန်မာအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်များသို့ စည်းရုံးလှုံ့ဆော်ခြင်းများစသည့် အမျိုးမျိုးသော နည်းဗျူဟာများကို အသုံးပြု တုန့်ပြန်ကြကြောင်း တင်ပြထားပါသည်။

ဒီဇင်ဘာလ၂၀၁၂ မှ ဇန်နဝါရီလ၂၀၁၅ အကြား ဒေသတွင်းမှရရှိထားသော သတင်းအချက်အလက်များကို အတူတကွ စုစည်း၍ ဆန်းစစ်ကြည့်သောအခါ ၂၀၁၁-၂၀၁၂ခုနှစ် နှင့်နှိုင်းယှဉ်ပါက မြေယာသိမ်းဆည်းမှု အရေအတွက်နှင့် သိမ်းယူခြင်း အမျိုးအစားများ တိုးပွားလာကြောင်း ဖော်ပြထားပါသည်။ ၎င်းတို့သည် ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်သူများထံမှ ကောင်းမွန်သေချာသော ညှိနှိုင်းဆွေးနွေးခြင်း မရရှိကြောင်း အစီရင်ခံစာအများစုတွင် ရွာသူ၊ ရွာသားများမှ တင်ပြခဲ့သည်။ *"ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်တဲ့သူတွေဟာ စီမံကိန်းမစခင်မှာ ဒေသခံရွာသားတွေနဲ့ လူမှုအဖွဲ့အစည်းတွေကို တိုင်ပင်ဆွေးနွေးခြင်းတွေပြုလုပ်ခဲ့တယ်လို့ ပြောကြတယ်"* ဟု ကရင်လူ့အခွင့်အရေး အဖွဲ့မှ ကွင်းဆင်းညှိနှိုင်းကြားရေးမှူး စောအဲ(လ်)ဘတ်မှဆိုပါသည်။ ဆက်လက်၍ *"တကယ်လို့ သူတို့ပြောတာသာ အမှန်တကယ်ဆိုရင် ကျွန်တော်တို့က ဒေသခံတွေဆီကနေ ဘာအကြောင်းကြောင့် ဒီလိုမျိုး မြေယာနဲ့ပတ်သတ်တဲ့ အစီရင်ခံစာတွေကို ထပ်ထပ်ပြီးတော့ ရနေစရာအကြောင်းရှိပါ့မလဲ။ မြေယာတွေသိမ်းဆည်းခြင်း မခံရခင်မှာ ဘာကြောင့် ရွာသားတွေဟာ ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းမခံရတာလဲ။ ပြီးတော့ သူတို့ဆုံးရှုံးသွားတဲ့ အရာတွေအတွက် လျော်ကြေးငွေကို ဘာ့ကြောင့် မရရှိတာလဲ။ ဘာကြောင့်ရွာသားတွေရဲ့အသံတွေဟာ ဥပက္ခာပြုခြင်း ခံရတာလဲ။ အဲ့ဒီမှာ အမှန်တကယ် လိုအပ်နေတာက အဓိပ္ပါယ်ရှိပြီး အနှစ်သာရပြည့်ဝတဲ့ ညှိနှိုင်းဆွေးနွေးခြင်းတွေနဲ့ ဘယ်စီမံကိန်းတွေမဆို*

*အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မပြုလုပ်ခင်မှာ အရင်ဦးဆုံး (FPIC) ဖြစ်တဲ့ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ရန်အတွက် ကြိုတင် အသိပေးပြီး ဒေသခံတွေနဲ့ သေချာ ညှိနှိုင်းတိုင်ပင် ဆွေးနွေးပြီး ခွင့်ပြုချက်ယူရမှာဖြစ်တယ်။ အပြောသက်သက်ချည်းမဟုတ်ပဲ အမှန်တကယ် လက်တွေ့လုပ်ဆောင်ဖို့လိုအပ်ပါတယ်"* ဟု ပြောကြားခဲ့ပါသည်။ ဤအစီရင်ခံစာထုတ်ပြန်ချက်ကို ရန်ကုန်မြို့တွင် ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အခြားသောမြေယာအရေး ကိစ္စနှင့်ပတ်သတ်၍ ပါဝင်ဆောင်ရွက်သူများအားလုံးကို မြန်မာပြည် အရှေ့တောင်ဘက်ခြမ်းရှိ အောက်ခြေအဆင့်တွင် အမှန်တကယ်မည်ကဲ့သို့ ဖြစ်ပွားနေလျက်ရှိနေကြောင်းကို ပိုမိုသိရှိစေရန်အလို့ငှာ ပြုလုပ်ရခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင်တွေ့ရှိရမည့် အဓိကရှာဖွေတွေ့ရှိချက်များနှင့် အကြံပြုတင်ပြချက်များသည် ဆက်လက်လုပ်ဆောင်နေသည့် အမျိုးသားမြေယာ အသုံးချရေးမူဝါဒ ရေးဆွဲခြင်းနှင့် အထူးသဖြင့် ဆက်လျဉ်းလျက် ရှိပါသည်။

" *အမှန်တကယ် အောက်ခြေမှာ ဖြစ်နေတာက လက်ရှိတည်ရှိနေတဲ့ မြေယာဥပဒေနဲ့ မူဝါဒတွေဟာ ရွာသားတွေရဲ့ မြေယာတွေကို ပြည့်စုံလုံလောက်စွာ အကာအကွယ်ပေးထားခြင်း မရှိပါဘူး"* ဟု ကရင်လူ့အခွင့်အရေးအဖွဲ့မှ စည်းရုံးလှုံ့ဆော်ရေးတာဝန်ခံ စောဝေလေး မှပြောကြားခဲ့ပါသည်။ ၎င်းမှ ထပ်မံဖြည့်ဆွက်ခဲ့သည်မှာ "*ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေဟာ ဒေသခံပြည်သူတွေရဲ့ ဘဝတွေအတွက် မြေယာရဲ့ အဓိကအရေးပါ အရာရောက်မှုကို အသိအမှတ်ပြုပေးရမှာဖြစ်ပြီး ဒီလုပ်ငန်းတွေကို အစီအစဉ်ဆွဲနေချိန်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ချိန်တွေမှာ ရွာသားတွေရဲ့ အခွင့်အရေးနဲ့ အသံတွေကို နားထောင်ရမှာဖြစ်ပါတယ်။"*

ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)သည် လွတ်လပ်ပြီး အမှီအခိုကင်းသော ဒေသခံများဦးဆောင်သည့် အဖွဲ့အစည်းဖြစ်ပြီး မြန်မာပြည် အရှေ့တောင်ဘက်ရှိ မကြာခဏ ၎င်းတို့၏ အသံများအား ဥပက္ခာပြုခြင်းခံရသည့် ရွာသူရွာသားများ၏ အတွေးအမြင်များ ပိုမိုတိုးတက် ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျက်ရှိပါသည်။ ၁၉၉၂ ခုနှစ်မှ စတင် ထူထောင်ထားသော ကရင်လူ့အခွင့်အရေးအဖွဲ့သည် ကွင်းဆင်းသုတေသနပြုခြင်း၊ မှတ်တမ်းပြုစုခြင်း၊ အစီရင်ခံစာ ရေးသားခြင်းနှင့် ပြည်တွင်းနှင့်နိုင်ငံတကာသို့ စည်းရုံးလှုံ့ဆော်ခြင်းများကို လုပ်ဆောင်လျက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် ရွာသူရွာသားများအနေနှင့် ၎င်းတို့တွေ့ကြုံခံစားရသော စိန်ခေါ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြနိုင်ရန်၊ ကာကွယ်စောင့်ရှောက်ခြင်း နည်းဗျူဟာများကို ပိုမိုသိရှိလာစေရန်နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကာကွယ်စောင့်ရှောက်မှု နည်းဗျူဟာများကို စဉ်းစားမိလာစေရန်အတွက် ရွာသူရွာသားများနှင့် အတူတစ်ကွ အလုပ်ရုံဆွေးနွေးပွဲများကို ဦးဆောင်ပြုလုပ်ပေးပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် ၂၀၁၃ခုနှစ်တွင် ထိုင်ဝမ်(Taiwan) ဖောင်ဒေးရှင်းမှ ပေးအပ်သော Asia Democracy and Human Rights Award ကို ရရှိခဲ့ပြီး နိုဘယ်ဆုအတွက် နှစ်ကြိမ်တိုင်တိုင် အဆိုပြုခြင်းခံခဲ့ရသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် မြန်မာပြည်၌ ပထမဦးဆုံးသော ဆုရရှိသည့် လူ့အခွင့်အရေး အဖွဲ့အစည်းဖြစ်ပါသည်။

ဆက်သွယ်ရန်

စောအဲ(လ်)ဘတ် (ကွင်းဆင်းညွှန်ကြားရေးမှူး) albert@khrg.org

စောဝေလေး (စည်းရုံးလှုံ့ဆော်ရေးတာဝန်ခံ) waylay@khrg.org

+၆၆ ၈၅၂ ၆၈၅၅၁၉ (ထိုင်း)

+၉၅(၀) ၉၉၇ ၆၅၃ ၆၇၁၅ (မြန်မာ)